(၁၈၄၀)ခုနှစ် ၊ ဖေဖော်ဝါရီလ (၆)ရက်နေ့တွင်ဝိုက်တန်ဂီစာချုပ်ကိုပထမဦးဆုံးလက်မှတ်ရေးထိုးခဲ့သည်။ စာချုပ်အားပင်ရင်းဌာနေလူမျိုးမော်ရီတို့၏မော်ရီဘာသာဖြင့်ရေးသားခဲ့ပြီးစာချုပ်နာမည်မှာ **Te Tiriti o Waitangi** (ဝိုက်တန်ဂီစာချုပ်) ဖြစ်ပါသည်။ ဝိုက်တန်ဂီစာချုပ်၏အနှစ်ချုပ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

# ဝိုက်တန်ဂီစာချုပ် ၏ အနှစ်ချုပ်

## နိဒါန်း

ဘုရင်မကြီးသည်နယူးဇီလန်မြေနှင့်ကိုယ်ပိုင်အုပ်ချုပ်စိုးမိုးနိုင်ခွင့်ကိုမော်ရီလူမျိုးများအားထိန်းသိမ်းထားရှိစေပြီးအားလုံးသောလူမျိုးများကိုငြိမ်းချမ်းစွာအတူတကွနေထိုင်စေလိုသည်။ ဤသဘောတူညီချက်သည်နယူးဇီလန်တွင်ယခုရှိသည့်ဘုရင်မကြီး၏လူမျိုးများနှင့်နောင်တွင်ရောက်ရှိမည့်သူများအတွက်အုပ်ချုပ်ရေးအဖွဲ့တစ်ခုကိုစီစဉ်ပြဋ္ဌာန်းခြင်းဖြစ်သည်။

## ပထမအပိုဒ်

မော်ရီပင်ရင်းလူမျိုးများမှအင်္ဂလန်ဘုရင်မကြီးအားနယူးဇီလန်နိုင်ငံတွင်အုပ်ချုပ်ရေးမှူးအကြီးအကဲတစ်ဦးထားရှိခွင့်ပေးသည်။

## ဒုတိယအပိုဒ်

ဘုရင်မကြီးသည်မော်ရီလူမျိုးတို့၏လွပ်လပ်ခွင့်၊ ၎င်းတို့၏မြေနှင့်၎င်းတို့အတွက်အလေးထားအရေးကြီးသမျှအရာအားလုံးကိုမော်ရီလူမျိုးမှကြီးမှူးထိန်းချုပ်ထားရှိမှုအားသဘောတူလက်ခံသည်။ မော်ရီလူမျိုးတို့၏မြေကို၎င်းတို့မှရောင်းလိုပါကဘုရင်မကြီးအားဝယ်ယူခွင့်ရှိစေသည်။

## တတိယအပိုဒ်

ဘုရင်မကြီးသည်မော်ရီလူမျိုးများအားဗြိတိသျှလူမျိုးများအတိုင်းအခွင့်အရေးများရှိစေမည့်အကြောင်းအတည်ပြုသဘောတူသည်။

## စတုတ္ထအပိုဒ် (နှုတ်စကားကတိ)

အုပ်ချုပ်ရေးမှူးအကြီးအကဲသည်မော်ရီလူမျိုး၏ဓလေ့ထုံးတမ်းများနှင့်နယူးဇီလန်နိုင်ငံရှိအမျိုးမျိုးသောကိုးကွယ်ယုံကြည်မှုများကိုကာကွယ်ပေးရန်ကတိပေးသည်။